ညောင်ကုန်း(မ)ကျေးရွာ

ညောင်ကုန်းကျေးရွာအုပ်စု

မတ္တရာမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၂- ၂၀၂၇)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ညောင်ကုန်း(မ)ကျေးရွာ၊ မတ္တရာမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၃ - ခုနှစ်၊ ဖေဖော်ဝါရီလ

မာတိကာ

စဉ် အကြောင်းအရာ

စကားချီး --

ညောင်ကုန်း(မ)ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ မတ္တရာမြို့နယ် ၅

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား ၆

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ ၆

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၆

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၇

(က) သီးနှံစိုက်ပျိုးရေး ၇

(ခ) မွေးမြူရေးလုပ်ငန်း ၈

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ ၈

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၈

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၉

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး ၉

(ခ) ကျေးရွာ မီးလင်းရေး ၉

(ဂ) သတင်းနှင့် ဆက်သွယ်ရေး ၉

၆။ ပညာရေး ၁၀

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၀

၈။ ဘေးအန္တရယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၀

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ ၁၁

၁၀။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၁၁

(က) ဦးစားပေး စီမံချက်များ ၁၂

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၁၄

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၁၅

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ ၁၆

နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၁၃

နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ ၁၈

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစာပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဖေဖော်ဝါရီလ၊ ၂၀၂၃

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ညောင်ကုန်း(မ)ကျေးရွာ
မတ္တရာမြို့နယ်

ညောင်ကုန်း(မ)ကျေးရွာသယံဇာတပြမြေပုံ၊ မတ္တရာမြို့နယ်



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ညောင်ကုန်(မ)ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်၏ ညောင်ကုန်းကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ မတ္တရာမြို့၏ အနောက်တောင်ဘက်တွင်တည်ရှိပြီး မတ္တရာမြို့နှင့်(၁၂)မိုင်ခန့်ဝေး၍ ဆက်သွယ်သွားလာရလွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ မိုးစပါး၊ နွေစပါးစိုက်ပျိုးပါသည်။ ဒေသ၏ (၁)နှစ်ပျမ်းမျှမိုးရေချိန်မှာ (၃၀.၅၆)လက်မ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုပါသည်။ ကျေးရွာတည်ရှိရာသည် ကုန်းတွင်းပိုင်းတွင် တည်ရှိသော်လည်း တစ်ခါတစ်ရံ မိုးလွန်မိုးများရွာသွန်းမှုကြောင့် ရိတ်သိမ်းချိန် နောက်ကျမှုရှိတတ်သည်။ ကျေးရွာတည်ရှိရာသည်အနီးအနားတွင် တောတောင်ရိုးချောင်းများရှိသော်လည်း မြေပြန့် အနေအထားဖြစ်သဖြင့် ဆားငန်ရေဝင်ရောက်မှုမှကင်းလွတ်သည်။ လယ်ယာမြေများသည် စပါးပျိုးရန်နှင့် ဥယျာဉ်ခြံမြေများတွင် အသက်မွေးဝမ်း ကျောင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အဓိကအားထားရာဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာ၏ ရာသီဥတုမှာ အပူပိုင်းဒေသဖြစ်ပြီး စိုက်ပျိုးနိုင်သော လယ်မြေများမှာ စိုက်ပျိုးမြေ(၄၈၀)ကေရှိပြီး နွေစပါးနှင့်မိုးစပါးအပြည့်အဝစိုက်ပျိုးနိုင်သည်။ ကျေးရွာတွင် ဓနိတောမြေ၊ စားကျက်မြေ၊ မြေလွတ်မြေလပ်များ မရှိပါ။ မြေဩဇာအလတ်စားအဆင့်ရှိပြီး ကျွန်ုပ်တို့ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ အိမ်ခြံမြေများတွင်လည်းရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ရပ်မိရပ်ဖအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့တို့သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ သာသနာရေး၊ သာရေး/နာရေး၊ အခြား လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းစည်းလုံးလုံး ပါဝင်လုပ်ဆောင်နေကြပါသည်။ ကာလသား/ကာလသမီးအဖွဲ့သည် ကျေးရွာ၏ သာရေး/နာရေး လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတတ်သရောစုပေါင်းလုပ်ဆောင်ကြပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့သည် ကျေးရွာစာသင်ကျောင်းရှိ ဆရာ/ ဆရာမများနှင့်ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍတိုးတက်လာစေရေးအတွက် လုပ်ဆောင်လျက် ရှိပါသည်။ ဓမ္မစကြံဝတ်အဖွဲ့သည် ကျေးရွာ၏ ဘာသာရေး၊ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေးစသည့် အပိုင်းတို့တွင် ပါဝင်ဆောင်ရွက်ကြပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော် ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိသေးပါ။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ညောင်ကုန်း(မ)ကျေးရွာတွင် မြေယာမဲ့(၂၂၀)အိမ်ထောင်စု၊ (၂.၅)ဧကအောက် ဆင်းရဲသားတောင်သူ (၄၀)အိမ်ထောင်စု၊ (၅)ဧကနှင့် (၂.၅)ဧကကြား ပိုင်ဆိုင်သူ တောင်သူငယ်(၃၅) အိမ်ထောင်စု၊ ၅ဧကနှင့် ၁၂.၅ဧကကြား ပိုင်ဆိုင်သူတောင်သူလတ်(၂၄)အိမ်ထောင်စုနှင့်၁၂.၅ဖဧကော အထက် ပိုင်ဆိုင်သူတောင်သူကြီး(၂၃)အိမ်ထောင်စုရှိကြောင်း တွေ့ရပါသည်။ အဓိကအားဖြင့် စပါးကို အဓိကထား စိုက်ပျိုးကြသည်။ မြေယာမဲ့အိမ်ထောင်စုများသည် နေ့စားကျပန်းအလုပ်ကို ကျေးရွာနှင့်အခြားမြို့များသို့ အဆင်ပြေစွာ သွားရောက်လုပ်ကိုင်နေကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ ဆည်ရေကို တစ်နှစ်ပတ်လုံး အဓိအထားစိုက်ပျိုးကြပြီး ရေလုံလောက်မှုရှိပါသည်။ မိုးရေသောက်ရသည့် သီးနှံများသည် အထွက်နှုန်းကောင်းမွန်ပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ(၇၀)/(၁၀၀)တင်း ထွက်ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးပိုင် ထွန်စက်(၄)ခု၊ လက်တွန်းထွန်စက်(၃၀)ခု၊ မြတ်ရိတ်စက်(၅၀)ခုရှိပြီး တစ်ဦးချင်းပိုင်ဖြစ်သည်။ ကျေးရွာအနေဖြင့် စက်ကိရိယာလုံလောက်မှု ရှိပါသည်။ သင့်တင့်သလို လှည့်လည်လုပ်ကိုင်ကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒသွင်းအားစုများ သီးနှံမျိုးစေ့များကိုလည်း မြို့နှင့်အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်ကြပါသည်။

စိုက်ပျိုးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးနှင့် ခရုများ အနည်းငယ် ကျရောက်ပါသည်။ ၎င်းအပြင် စပါးခင်းများ ရေစီး/ရေလာကောင်းမွန်ရန် နှစ်စဉ် ကမ်စင်းရိုးကို ပြန်လည်တူးဖော်မှု လုပ်ဆောင်ကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအနေဖြင့် နွား၊ ဝက်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများနှင့် တစ်ပိုင်တစ်နိုင်အနေဖြင့် မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင် ဆောင်ရွက်လျက်

ရှိသော အိမ်ထောင်စုများလည်းရှိသည်။ တိရစ္ဆာန်ရောဂါကျရောက်ပါက တိမ်းကွဲစီးဌာနသို့ အလွယ်တကူ ဆက်သွယ်နိုင်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာအတွင်း တစ်ပိုင်တစ်နိုင်စျေးဆိုင်များ၊ မုန့်ဟင်းခါးဆိုင်၊ ဟင်းဆိုင်စသည့် စားသောက်ဆိုင်လုပ်ငန်းများ၊ ကျူရှင်ပညာသင်လုပ်ငန်း၊ ပန်းရံ၊ လက်သမား၊ ကား/ထော်လာဂျီ မောင်းခြင်းလုပ်ငန်း၊ ဆန်ရောင်း ဝယ်ရေးလုပ်ငန်း၊ မိတ်ကပ်-ဆံပင်-စက်ချုပ်လုပ်ငန်း နှင့်ကြုံရာကျပန်းလုပ်ငန်းစသည့်လုပ်ငန်းများလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/ အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေ ဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသဖြင့် အခြားဒေသများတွင်လုပ်ကိုင်သူဦးရေများပြားသဖြင့် လုပ်သားအင်အားရှားပါးပါသည်။ လယ်ယာ၊ သားငါးထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် စျေးကွက်လည်း မရှိသဖြင့် စျေးကွက်ဆိုင်ရာအသိအမြင်လည်းမရှိပါ။ အခြားလုပ်ငန်းများ အများစုမှာ ရာသီဥတုနှင့်အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင် ရှိသည်။ လက်လုပ်လက်စား အလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်း တစ်ရပ်ဖြစ်သည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ(၇)ဖြင့် ချေးငွေကို (၁)ဧက (၁.၅)သိန်းကျပ်နှုန်းဖြင့် အများဆုံး(၁၀)ဧကအတွင်းသာ ချေးယူနိုင်ကြပြီး အတိုးနှုန်းမှာ (၀.၈၅%) ဖြစ်သည်။ (၁၀)ဧက အထက်ရှိသောလယ်သမားများမှာ ငွေကြေးအခက်အခဲရှိသည်။ သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုရရန်အထူးလိုအပ်ပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လ အတိုးနှုန်း (၅-၁၀)ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ကျေးရွာသား အများစုသည် ချေးငွေကို ငွေတိုးချေးစားသူများထံမှသော်လည်းကောင်း၊ အကြွေးစနစ်ဖြင့် ဝယ်ယူရခြင်း၊ မိတ်ဆွေ၊ မိသားစုများထံမှသော်လည်းကောင်း၊ အလုပ်သမားခေါင်းဆောင်များထံမှ လုပ်အားကြိုတင်ရောင်း၍ သော်လည်းကောင်း၊ အကြောင်းအရင်းမျိုးစုံ (စားနပ်ရိက္ခာ၊ကျန်းမားရေး၊ ပညာရေး) အတွက် ချေးယူ ကြပြီးအထူးအားဖြင့် စားနပ်ရိက္ခာ အတွက်ချေးယူရခြင်းဖြစ်ကြပြီး၊ ကျေးရွာတွင်ချေးငွေလိုအပ်မှု များပြားကြောင်း လေ့လာတွေ့ရှိရပါသည်။

၅။ အခြေခံ အဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်း၊ ထော်လာဂျီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် ကျေးရွာတွင်သယ်ယူပို့ဆောင်ရေးအနေဖြင့် လှေသမ္ဘာန် (၅၀)စီး၊ စက်လှေ(၂၀)စီး၊ စက်ဘီး (၃၀)စီး၊ ဆိုင်ကယ်(၃၀၀)စီး၊ သုံးဘီးဆိုင်ကယ်(၂)စီး၊ ထော်လာဂျီ(၁၀)စီး၊ ကား(၅)စီးရှိပြီး အများစုမှာ တစ်ပိုင်တစ်နိုင် သွားလာရေးနှင့် သယ်ယူပို့ဆောင်ရေး အတွက် ဆိုင်ကယ်ကို အများစု အသုံးပြုကြသည်။

ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်သည်။ ကျေးလက်ဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ဆောင်ရွက်သော ကွန်ကရစ်လမ်းကို အားတက်သရော လုပ်ဆောင်ကြခြင်း စသည်တို့ကြောင့် ကိုယ်ထူကိုယ်ထလမ်းဖောက်လုပ်ရာတွင် ပို၍အဆင်ပြေစွာ ဆောင်ရွက်နိုင်ပါသည်။ ကျေးရွာချင်းဆက်လမ်းမှာ ကျောက်ခင်းလမ်းအမျိုးအစားဖြစ်ပြီး တစ်နှစ်ပတ်လုံး သွားလာရန် အဆင်ပြေသည်။

(ခ) ကျေးရွာမီးလင်းရေး

ညောင်ကုန်း(မ)ကျေးရွာတွင် လျှပ်စစ်မီးမဟာဓါတ်အားလိုင်းသုံးစွဲသူ (၁၀၀)အိမ်၊ ဆိုလာမီးအသုံးပြုသူ(၂၀)၊ ဒီဇယ်အင်ဂျင်သုံးစွဲသူ(၁၀)အိမ်နှင့် လျှပ်စစ်မီးမဟာဓါတ်အားလိုင်း အသုံးပြုနိုင်ခြင်း မရှိသေးသောအိမ်ထောင်စု အနည်းငယ်သာမှာ အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေကြသည်။ လျှပ်စစ်မီးပျက်သွားသည့်အခါ မီးအိမ်၊ ဖယောင်းတိုင်တို့ အသုံးပြုကြသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ညောင်ကုန်း(မ)ကျေးရွာတွင် ဆက်သွယ်ရေးဖြင့် သတင်းအချက်အလက်နည်းပညာနှင့် ပတ်သက်၍ ဖုန်း(၃၀၀)လုံး၊ ရေဒီယို(၅၀)လုံး၊ တီဗွီ(၂၀၀)လုံး၊ စလောင်း(၅၀)လုံး အိမ်တိုင်းနီးပါး တယ်လီဖုန်း အသုံးပြုနိုင်သောကြောင့် ဆက်သွယ်ရေးကောင်းမွန်ကြသည်။ ဆက်သွယ်ရေးအခက်အခဲ အထူး တလည်မရှိပါ။

၆။ ပညာရေး

ညောင်ကုန်း(မ)ကျေးရွာတွင် မူလတန်းလွန်စာသင်ကျောင်းရှိပြီး တက်ရောက်နေသော ဦးရေမှာ (၃၇၈)ဦး ဖြစ်သည်။ အထက်တန်းကျောင်းနေ အရွယ်(၂၈)ဦး ပညာသင်ကြားနေကြသည်။ အဆင့်မြှင့် ပညာ တက္ကသိုလ်/ကောလိပ် တက်ရောက်သူ(၅)ဦးတို့သည် ပညာသင်ကြားနေကြသည်။ ကျေးရွာ မူလတန်းလွန်စာသင်ကျောင်း၏ စတုရန်းပေမှာ (အလျား၃၀၀ပေ×အနံ ၁၅၀ပေ× အမြင့် ၂၀ပေ)နံကပ်တိုက်ဖြစ်သည်။ ကျောင်းဆောင်လုံလောက်မှုရှိသော်လည်း ကျောင်းသုံးပရိဘောဂ မလုံလောက်ပါ။ ကျောင်းအိမ်သာအခြေအနမှာလုံလောက်မှုမရှိပါ။ အစိုးရခန့် ကျား(၁)ဦးနှင့် ဆရာမ(၅)ဦး စုစုပေါင်း(၆)ဦး ရှိပါသည်။ ကျောင်း အာဟာတိုက် ကျွေးမှုမရှိပါ။

ကျေးရွာတွင် ဆရာ တပည့်အချိုး (၄၀: ၁) အောက်ရှိပြီး ဆရာ/မ လုံလောက်မှု ရှိသည်။ ကျောင်းအားကစားကွင်းနေရာကျဉ်းပါသည်။ မိဘဆရာအသင်း၏ အခန်းကဏ္ဍမှာလည်း စိတ်ဝင်စားမှု စိတ်အားထက်သန်ကြသည်။

ကျေးရွာ၏ စာတတ်မြောက်မှုကို အရေအတွက်ကိုကြည့်ခြင်းအားဖြင့် ပညာသင်ကြားမှုတွင် အမျိုးသမီးများမှာ အမျိုးသားများနှင့် တန်းတူ ခံစားခွင့်ရှိသည်ကို တွေ့ရသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ညောင်ကုန်း(မ)ကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးကို ပုံမှန်ထိုးပေးသည်။ အာဟာရပညာပေးအစီအစဉ် များလည်းရှိပါသည်။ အရေးပေါ်ဖြစ်ပါက ကျေးရွာနှင့် (၁၂)မိုင်အကွာတွင်ရှိသော မတ္တရာဆေးရုံနှင့် (၁၂)မိုင်ကွာဝေးတွင် ရှိသော မန္တလေးမြို့သို့ ကျေးရွာရှိ လူမှုကူညီရေးကားဖြင့် အချိန်မရွေးသွားနိုင်ပါသည်။

ကျေးရွာတွင် ရေတွင်း(၂)တွင်း၊ အဝိစိတွင်း/စက်တပ်(၂၀၀)၊ အဝိစိတွင်း/တုံကင်(၅၀)နှင့် ချောင်းရေအသုံးပြုသော အိမ်ထောင်စု(၁၀၀)ရှိပါသည်။ ကျေးရွာနှင့် ကပ်လျက်တွင် မြစ်ချောင်းရှိသော ကြောင့် တစ်နှစ်ပတ်လုံး ရေလုံလောက်မှု ရှိပါသည်။

ကျေးရွာတွင် ကျန်းမာရေးဗဟုသုတကြွယ်ဝသည့် ကျေးရွာဖြစ်သည့်အတွက် ယင်လုံ အိမ်သာကို စနစ်တကျ သုံးစွဲကြပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ညောင်ကုန်း(မ)ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ရပါက အခြားအိမ်ထောင်စုများထက် ပို၍ ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။ ညောင်ကုန်း(မ)ကျေးရွာတွင် သဘာဝဆေးဘက်ဝင်အပင်များအနေဖြင့် ဗီစပ်၊ ဆင်တုံးမန္တယ်၊ လျားစောင်းလက်ပက် အပင်များ ပေါက်ရောက်သော်လည်း ဖွံ့ဖြိုးရေးအတွက် အသုံးပြုရန် ဗဟုသုတနှင့် နည်းပညာ အားနည်းကြပါသည်။ မိုးရာသီတွင် ဖြစ်လေ့ဖြစ်ထရှိသော ရာသီဖျား ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ တိရိစ္ဆာန်ရောဂါများသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊ လျှာနာ ရောဂါနှင့် ကြက်၊ ဝက် တုပ်ကွေးရောဂါများ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။

၉။ ကျား–မ ရေးရာကိစ္စရပ်ဆိုင်ရာ

ညောင်ကုန်း(မ)ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှုလုပ်ဆောင်သည့်လုပ်ငန်းများတွင် အမျိုးသမီးများတက်ကြွစွာပါဝင် ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီးအကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှု

များအတွက် ဥပဒေ နှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင် ရှိပါသည်။

၁၀။ ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက် များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ် အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ညောင်ကုန်း(မ)ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်
ကျေးရွာတွင်းရှိ အခြေခံအဆောက်အဦကဏ္ဍ				
	၁။ရွာတွင်းလမ်းဖွံ့ဖြိုးမှုစီမံချက်	၁၀၀	၁	-ကျေးရွာအတွင်းလမ်းမှာမြေသားလမ်းဖြစ်သည့်အတွက် သွားရေးလာရေး အဆင်ပြေစေရန် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် မြေသားလမ်း မှ ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း။
ပညာရေးကဏ္ဍ				
	၂။ပညာရေးစီမံချက်	၉၀	၂	-ကျေးရွာတွင် ကျောင်းပညာရေးအဆင့် တိုးမြှင့်ဆောင်ရွက်ခြင်း။ -ကျောင်းခြံစည်းရိုး ကာရံခြင်း။ -ကျောင်းယင်လုံအိမ်သာ လုံလောက်စွာ ရရှိရန် ဆောင်ရွက်ခြင်း။ -ကျောင်းသုံး ပစ္စည်းကိရိယာများ ပြည့်စုံမှုရှိရန် ဆောင်ရွက်ခြင်း။
စိုက်ပျိုးရေးကဏ္ဍ				
	၃။စိုက်ပျိုးရေးစီမံချက်	၈၀	၃	- စိုက်ပျိုးရေလုံလောက်စွာ ရရှိရန်ဆောင်ရွက်ခြင်း။ -မျိုးကောင်းမျိုးသန့်/နည်းပညာ ရရှိရန် ဆောင်ရွက်ခြင်း။ -စိုက်ပျိုးရေး လုပ်သား လုံလောက်စွာ ရရှိရန် ဆောင်ရွက်ခြင်း။
ကျန်းမားရေးကဏ္ဍ				
	၄။ကျန်းမာရေးစီမံချက်	၇၅	၄	-ကျန်းမာရေး ဆေးပေးခန်းရရှိရေး
အုပ်ချုပ်ရေးကဏ္ဍ				
	၅။အုပ်ချုပ်ရေးစီမံချက်	၇၀	၅	-အရံမီးသတ်တပ်ဖွဲ့ ဖွဲ့စည်းဆောင်ရွက်လိုခြင်း။

လမ်းတံတားကဏ္ဍ				
	၆။ လမ်းတံတားစီမံချက်	၆၅	၆	-ရွာချင်းဆက်လမ်းတံတားများ ကောင်းမွန်ရန် လိုအပ်ခြင်း။
မီးလင်းရေးကဏ္ဍ				
	၇။ မီးလင်းရေးစီမံချက်	၆၀	၇	-ကျေးရွာလုံးကျွတ် လျှပ်စစ်မီးရရှိရန် လိုအပ်ခြင်း။
လူငယ်ဖွံ့ဖြိုးရေးကဏ္ဍ				
	၈။ကျေးရွာစာကြည့်တိုက်	၅၀	၈	-နောင်လာမည့်အနာဂတ်လူငယ်များအသိဉာဏ်ပွင့်လင်းစေခြင်း။ - အသိအလိမ္မာပို၍ ရရှိလာနိုင်ခြင်း။ - ပညာတက်လူငယ်များပေါ်ထွန်းလာနိုင်ခြင်း။

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်လုပ်ငန်းအမည်	ဦးစားပေးအဆင့်	၂၀၂၂ - ၂၀၂၃	၂၀၂၃ - ၂၀၂၄	၂၀၂၄ - ၂၀၂၅	၂၀၂၅ - ၂၀၂၆	၂၀၂၆ - ၂၀၂၇
၁	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	၁	√				
၂	ပညာရေးစီမံချက်(ကျောင်းခြံစည်းရိုးကာရံခြင်း၊ ဆရာ/ဆရာမလုံလောက်စွာရရှိရေး)	၂	√				
၃	စိုက်ပျိုးရေးစီမံချက်(စိုက်ပျိုးရေရှိရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် စိုက်ပျိုးချေးငွေအချိန်မီရရှိရေး	၃		√			
၄	ကျန်းမာရေးစီမံချက်(ကျန်းမာရေးဆေးပေးခန်းရရှိရေး)	၄			√		
၅	အုပ်ချုပ်ရေးစီမံချက်(အရံမီးသတ်ရုံး)	၅			√		
၆	ကျေးရွာချင်းဆက်လမ်း	၆				√	
၇	မီးလင်းရေးစီမံချက်(ရွာလုံးကျွတ်လျှပ်စစ်မီးရရှိရေး)	၇					√
၈	လူငယ်ဖွံ့ဖြိုးရေးစီမံချက်(စာကြည့်တိုက်၊	၈					√

ညောင်ကုန်း(မ)ကျေးရွာ၊ ညောင်ကုန်းကျေးရွာအုပ်စု ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	ရာထူး	အဘအမည်	မှတ်ပုံတင်အမှတ်	ပညာအရည်အချင်း	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးသံချောင်း	ဥက္ကဋ္ဌ	ဦးဘတုပ်	၉/ မတရ (နိုင်)၀၈၇၇၂၈	၈ တန်း	၀၉-၈၈၃၉၀၆၂၈၁	
၂	ဦးဗိုလ်ဗိုလ်ဦး	အတွင်းရေးမှူး	ဦးပိုက်ဆောင်း	၉/ မတရ (နိုင်)၁၄၇၈၆၀	၁၀ တန်း	၀၉-၄၂၄၇၈၈၈၅၀	
၃	ဦးကျော်လွင်	စာရင်းကိုင်	ဦးတင်အောင်	၉/ မတရ(နိုင်)၁၀၈၅၀၉	၇ တန်း	၀၉-၇၆၁၁၄၃၃၅၇	
၄	ဦးကျော်ဝင်း	ဘဏ္ဍာရေးမှူး	ဦးခင်မောင်	၉/ မတရ (နိုင်)၀၆၅၃၂၂၇	၈ တန်း	၀၉-၂၅၂၇၉၁၀၀၈	
၅	ဦးမြင့်ဆွေ	သော့ကိုင်-၁	ဦးသန်း	၉/ မတရ (နိုင်)၀၈၇၀၉၂	၈ တန်း	၀၉-၉၈၆၁၉၁၁၈၄	
၆	ဒေါ်သန်နု	သော့ကိုင်-၂	ဦခင်	၉/ မတရ (နိုင်)၀၈၂၂၃၈	၄ တန်း		
၇	ဒေါ်ဟေမာလင်း	ချက်လက်မှတ်ထိုး	ဦးစိုးဝင်း	၉/ မတရ (နိုင်)၁၄၇၆၆၀	၈ တန်း	၀၉-၄၄၄၈၅၁၈၅	
၈	ဦးစိန်မြင့်	အဖွဲ့ဝင်	ဦးအောင်ခ	၉/ မတရ(နိုင်)၀၈၆၅၇၇	၅ တန်း	၀၉-၇၉၇၃၁၇၂၅၆	
၉	ဒေါ်စုလှ	အဖွဲ့ဝင်	ဦးထွန်းကြည်	၉/ မတရ (နိုင်)၁၅၃၂၄၆	၆ တန်း		
၁၀	ဒေါ်သဲသဲဝင်း	အဖွဲ့ဝင်	ဦးကောင်းမြင့်	၉/ မတရ (နိုင်)၂၂၄၃၀၆	၈ တန်း	၀၉-၉၅၄၃၅၀၅၂	
၁၁	ဒေါ်မာတင်	အဖွဲ့ဝင်	ဦးသောင်း	၉/ မတရ (နိုင်)၁၄၇၈၄၆	၅ တန်း		

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(ခ) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (ခ) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁၇	၆	၂၃	၂	
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၄၇	၃၄	၈၁		
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသား အရွယ်	၃၅	၄၂	၇၇		
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသား အရွယ်	၂၄	၄၆	၇၂		
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၈၆	၃၉၆	၆၈၂		
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၀၀	၁၀၀	၂၀၀		
စုစုပေါင်း		**၆၉၁**	**၇၂၄**	**၁၁၅၄**		
စုစုပေါင်း အိမ်ထောင်စု – ၃၈၀		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ – ၃.၅%**				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ညောင်ကုန်း(မ)ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၃၈၀) မှ လူဦးရေပေါင်း (၁၁၅၄) (က-၆၉၁+မ-၇၂၄)ရှိသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၃.၅)ရှိသဖြင့် မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော တစ်အိမ်ထောင်ပျမ်းမျှလူဦးရေတိုးပွါးမှု ၅ယောက်နှုန်းထက် အနည်းငယ်သာ လျော့နည်းလျက်ရှိသည်ကို တွေ့ရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော အရွယ်လူဦးရေမှာ ၆၃၂ဦး (၆၆.၁၈%) ရှိပြီး၊ မှီခိုသူ ဦးရေမှာ (၃၃.၈၂%)ရှိသောကြောင့် ကျေးရွာ၏ အလုပ်လုပ်နိုင်သောအရွယ် လူဦးရေမှာ အသင့်အတင့် ရှိသည်ကို တွေ့ရပါသည်။ တစ်နှစ် အောက်လူဦးရေမှာ ၅၈ ဦး (၆.၀၇%) သာရှိသဖြင့် လူဦးရေမွေးဖွားနှုန်း နည်းသည်ကို တွေ့ရသည်။ တစ်နှစ်နှင့် ၅ နှစ်အောက် လူဦးရေ (၅၈)ယောက် (၆.၀၇%) ရှိသဖြင့် ၅ နှစ်အောက် ကာကွယ်ဆေး ထိုးရမည့် အရေအတွက်ကို အတိအကျသိရှိနိုင်သည်။ မူလတန်းနှင့် အလယ်တန်းကျောင်း နေအရွယ် လူဦးရေကိုလည်း သိရှိရသောကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ခြင်းရှိမရှိကို အလွယ်တကူနှိုင်းယှဉ်

သိရှိနိုင်မည်ဖြစ်ပါသည်။ ဖြန့်စနှင့် အထက် သက်ကြီးရွယ်ကြီး (၄၃) ယောက် (၄.၅%) သာရှိသဖြင့် ကျန်းမာရေးအခြေအနေ အသင့်အတင့်ရှိကြောင်း ခန့်မှန်းသိရှိနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဧယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၁၂၀	၃၈၀	၄၃	၁၅၀	၈၀		မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၄၅	၃၄၂		၁၅၅	၁၃၈		မြင့် ☐ လတ် ☑ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၈	၁၀		၇	၃		မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☑ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား /							မြင့် ☐ လတ် ☑ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ဝန်ထမ်း							
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း	-				-	-	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-				-	-	မြင့် □ လတ်□ နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်လုပ်ငန်း	-				-	-	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-				-	-	မြင့် □ လတ်□ နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း	-				-	-	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-				-	-	မြင့် □ လတ်□ နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်လုပ်ငန်း	-				-	-	မြင့် □ လတ်□ နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
								☐
	အလုပ်သမား / ဝန်ထမ်း	–				–	–	မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် √
	အလုပ်သမား / ဝန်ထမ်း						–	မြင့် ☐ လတ်☐ နိမ့် √
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–				–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်√ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–				–	မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင်							မြင့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							လက်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လက်☐ နိမ့်☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း	-				-	-	မြင့် ☐ လက်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-				-	-	မြင့် ☐ လက်☐ နိမ့်☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း						-	မြင့် ☐ လက်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-				-	မြင့် ☐ လက်☐ နိမ့်☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင်လုပ်ငန်း	-				-	-	မြင့် ☐ လက်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-				-	-	မြင့် ☐ လက်☐ နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း	-				-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-				-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**							
	အလုပ်သမား / ဝန်ထမ်း						-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-				-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း	-				-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း						-	မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင် လုပ်ငန်း	-				-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမ	-				-	-	မြင့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ားများ / ဝန်ထမ်း							လက်တွေ့ နိမ့် √
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း	-				-	-	မြင့် □ လက်တွေ့ နိမ့် □
	အလုပ်သမားများ / ဝန်ထမ်း	-				-	-	မြင့် □ လက်တွေ့ နိမ့် □
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း	-				-	-	☒
	အလုပ်သမားများ / ကျပန်း / ရာသီအလိုက် အလုပ်သမားများ	၁၀၀	၂၃၄	၃၇	၁၈၄	၅၀		
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**							
	ကိုယ်ပိုင် လုပ်ငန်း	-				-	-	မြင့် □ လက်တွေ့ နိမ့် □
	အလုပ်သမားများ / ဝန်ထမ်း	-				-		မြင့် □ လက်တွေ့ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	စုစုပေါင်း	**၃၈၀**	**၉၆၆**	**၈၀**	**၄၉၆**	**၄၇၀**		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ညောင်ကုန်း(မ)ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၃၈၀)စုရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းမှာ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။ ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောကြောင့် လုပ်ကိုင်စားသောက်ရ သည်မှာ အဆင်အပြေကြီးမဟုတ်ပါ။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၅၀၀၀	၈၀၀၀	၄၀၀၀-
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၀၀၀	၈၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား			-	-
၈	လက်လီ-လက်ကား	နေ့စား				

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	ရောင်းဝယ်ရေး					
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ **ညောင်ကုန်း(မ)**ကျေးရွာတွင် နေ့စားလုပ်ကိုင်ရသောလုပ်ငန်းအမျိုးအစား အမျိုးမျိုး ရှိသည်ကို တွေ့ရသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၄၈၀	ကောင်း☐	သင့်√	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်√	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၂၅၀	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၇၃၀	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ညောင်ကုန်း(မ)ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှုမှာ လယ်မြေ(၄၈၀)ဧက၊ ကိုင်းမြေဧက(၂၅၀)ကော စုစုပေါင်းစိုက်ပျိုးမြေ (၇၃၀)ဧကရှိပြီး ကျေးရွာတွင် ခနိတောမြေ၊ စားကျက်မြေ၊ မြေလွတ်မြေလပ်များ မရှိပါ။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ	**လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကို သာရွေးရန်)**
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ **(**ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်စသည်။**)**	များ ☐ သင့်☐ နည်း ☐ မရှိ √	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ √	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ☐
သဘာဝ အပင်မျိုးစိတ်များ **(**နွားစာ၊ဆေးဘက်ဝင်အပင်များ**)**	များ ☐ သင့်☐ နည်း ☐ မရှိ √	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ √	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	☒
ရေ-မြေပေါ်ရေ (အင်း၊အိုင်၊ ကန်၊ ချောင်း၊ မြစ်၊ စိမ့်စမ်း)	များ ☐ သင့်√ နည်း ☐ မရှိ ☐	လွယ် √ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ √
ရေ- မြေအောက်ရေ (တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း)	များ √ သင့်☐ နည်း ☐ မရှိ ☐	လွယ် √ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့☐ တိုး√ အပြောင်းအလဲမရှိ ☐
သစ်တော-အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ √	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကို သာရွေးရန်)
သစ်တော– ဒီရေတော	များ □ သင့်□ နည်း □ မရှိ √	လွယ် □ ခက်□ အသုံးမပြုနိုင်ပါ □	လျော့ □ တိုး□ အပြောင်းအလဲမရှိ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ညောင်ကုန်း(မ)ကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ ကျောက်၊ သဲ၊ ကျောက်စရစ်၊ ထုံး၊ အုတ်၊ ဝါး၊ ထင်း အလွယ်တကူမရရှိနိုင်ပါ။ သဘာဝဆေးဖက်ဝင် အပင်အနေဖြင့် ဗီစပ်၊ ဆင်တုံးမန္တယ်၊ တစောင်း လက်ပတ်အပင်များ ပေါက်ရောက်သော်လည်း ဖွံ့ဖြိုးရေးအတွက် အသုံးပြုရန် ဗဟုသုတနှင့်နည်းပညာ အားနည်းကြ ပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း(သို့)မ ရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကော ာင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွားရေး(ဝင်ငွေ)အလွန်ကောင်း	စီးပွားရေး(ဝင်ငွေ) အသင့်အတင့်	စီးပွားရေး(ဝင် ငွေ)နည်း	စီးပွားရေး(ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၃၈	၆၅	၁၀၀	၁၈၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ညောင်ကုန်း(မ)ကျေးရွာ၏ ဥစ္စာဓနအဆင့် ဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်သော ကျေးရွာဖြစ်သောကြောင့် ကျေးရွာ၏ ဥစ္စာဓနအဆင့်ကို အဆင့်(၄)ဆင့် သတ်မှတ်ထားသည်။ အဆင်ပြေသော အိမ်ထောင်စု(၃၈)အိမ်၊ အလယ်အလတ်ရှိသော အိမ်ထောင်စု (၆၅)အိမ်၊ မပြေလည်သော အိမ်ထောင်စု(၁၀၀)အိမ်၊ အလွန်မပြေလည်သော အိမ်ထောင်စု (၁၈၀)ရှိသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = ---------- အစာလျှော့စား = ---------- အထောက်အပံ့ယူ = ---------- ချေးယူ = ---------- လုပ်အားခကြိုယူ = ----------
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = ---------- အစာလျှော့စား = ---------- အထောက်အပံ့ယူ = ---------- ချေးယူ = ---------- လုပ်အားခကြိုယူ = ----------
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = ---------- အစာလျှော့စား = ---------- အထောက်အပံ့ယူ = ---------- ချေးယူ = ---------- လုပ်အားခကြိုယူ = ----------

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကောက်ယူထားခြင်းမရှိပါ။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ဖင့် နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁၀		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၅		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ညောင်ကုန်း(မ)ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်ကြီး အသက် (ဖင့)နှစ်နှင့်အထက်မရှိပါ။ မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်မရှိပါ။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု(၁၀)အိမ်နှင့် ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု(၅)အိမ်နှင့် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စုမရှိပါ။၄င်းတို့သည် ထိခိုက်လွယ်မှု မြင့်သည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ(မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု(ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရယ်	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	-	√	-	-	√	

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ(မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု(ထိခိုက်မှု လျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရယ်	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၂	လျှပ်တပြတ်ရေကြီးခြင်း	–	√	–	–	√	–
၃	မုန်တိုင်းဒီရေ	–	–	–	–	–	–
၄	ဆူနာမီ	–	–	–	–	–	–
၅	တိုင်ဖုန်းမုန်တိုင်း	–	–	–	–	–	–
၆	လေဆင်နာမောင်း	–	–	–	–	–	–
၇	ငလျင်	–	–	–	–	–	–
၈	အပူလိုင်း	–	–	–	–	–	–
၉	စိုက်ပျိုးမြေများတွင် ရေငံဝင်ရောက်မှု						
၁၀	အအေးလှိုင်း						
၁၁	မိုးသီးကြွေကျမှု	√			√		
၁၂	မိုးခေါင်ခြင်း	√			√		
၁၃	တောမီးလောင်ခြင်း						
၁၄	မြစ်ကမ်းပါးပြိုခြင်း						
၁၅	ကမ်းရိုးတန်းတိုက်စားမှု						
၁၆	မြေပြိုခြင်း						
	လူကြောင်းဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာ မဖူလုံမှု	√					√
၁၈	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ရေ)	√					√
၁၉	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု						
၂၀	သစ်တောပြုန်းတီးခြင်း						
၂၁	ငှက်ဖျားရောဂါ	√					√
၂၂	တီဘီရောဂါ	√					√
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ						
၂၄	ကပ်ရောဂါ	√					√
၂၅	ပြည်တွင်း ပဋိပက္ခ						
၂၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု						

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ(မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု(ထိခိုက်မှု လျော့နည်းရေးနှင့် လိုက်လျောညီထွေ ဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရယ်	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၂၇	လူကုန်ကူးခြင်း						
၂၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်						

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ညောင်ကုန်း(မ)ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေတွင် ငှက်ဖျား၊ တီဘီ၊ မီးဘေးဖြစ်ပွားမှုမှာ ထိခိုက်လွယ်မှု(နိမ့်)ဖြစ်သည်။ အအေးလွန်ကဲခြင်း၊ မုန်တိုင်း၊ ငလျင်၊ ကိုယ်ခံအား ကျဆင်းမှုရောဂါ ဖြစ်ပွားမှုနှုန်းမှာ ထိခိုက်လွယ်မှုမရှိပါ။ စားနပ်ရိက္ခာ မဖူလုံမှု၊ သဘာဝ အရင်းအမြစ် ရှားပါးမှု(မြေ၊ စိုက်ပျိုးရေ)၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ပြည်တွင်းပဋိပက္ခ၊ တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု၊ လူကုန်ကူးခြင်း၊ ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည်တို့မှာ ထိခိုက် လွယ်မှု မရှိပါ။

(ဃ-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
		နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	√				√	
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	√				√	
၃	ဆင်းရဲသားတောင်သူ			√		√	
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/						

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
		နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
	ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ						
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာတွင် နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ **(IDP)**						
၈	မြေနိမ့်ပိုင်း နေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	√				√	
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ						
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွား၍စျေးရောင်းသူများ						
၁၆	နေရပ်ပြန် အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ						
၁၈	ကားမောင်းပြီး အသက်မွေးသူများ	√			√		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထိခိုက်သက်ရောက်လွယ်မှုခံရနိုင်သော လူအုပ်စုများတွင် ဆင်းရဲသားတောင်သူများ၊ ထိခိုက်လွယ်မှု(မြင့်)သည်။လက်လုပ်လက်စားများသည် ထိခိုက်လွယ်မှု(လတ်)သည်။ လူငယ်၊ အမျိုးသမီးဦး ဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စု၊ ကားမောင်းပြီးအသက်မွေးသူများသည် ထိခိုက်လွယ်မှု(နိမ့်)သည်။ ကျန်အုပ်စု များအနေဖြင့် ထိခိုက်လွယ်မှုမရှိပါ။ ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများမှာ အလယ်လတ်အဆင့်တွင်ရှိပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျေးရွာလူမှုရေးအသင်း	၁√ ၂☐ ၃☐	၁၅၀	၇၀	၂၂၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး √ ဘာသာရေး √ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း √ သင့် ☐ ညံ့ ☐
၂	ပရဟိတအသင်း	၁☐ ၂√ ၃☐	၁၀		၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး √ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် √ ညံ့ ☐
၃	လမ်းကော်မတီ	၁☐ ၂√ ၃☐	၆	၅	၁၁	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐	ကောင်း ☐ သင့် √ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၄	ဓမ္မစကြာ အဖွဲ့	၁☐ ၂√ ၃☐	၅၀	၃၀	၈၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် √ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ညောင်ကုန်း(မ)ကျေးရွာအတွင်းတွင် လူမှုအခြေပြုအဖွဲ့အစည်း(၄)ဖွဲ့ရှိသည်။ ထိုအဖွဲ့အစည်း များမှကျေးရွာ၏ ဘာသာရေး၊ ကျန်းမာရေး၊ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုး ရေးများ လုပ်ဆောင် ကြပါသည်။ ကျေးရွာအတွင်း အဖွဲ့အစည်းများအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကိုအား ကျိုးမာန်တတ်လုပ်ကိုင် နေသည်ကို တွေ့ရှိရပါသည်။

(က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	*မြတ်ကျွန်းသာ*	*၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇√*	ပညာရေး □ ငွေကြေး √ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၂	*World Vision*	*၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇√*	ပညာရေး □ ငွေကြေး √ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ညောင်ကုန်း(မ)ကျေးရွာတွင် ပုဂ္ဂလိကအဖွဲ့အစည်းများဖြစ်သော မြတ်ကျွန်းသာ၊ World Visionစသည့်အဖွဲ့အစည်းများလည်း ရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၂၂၀	၅၀	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၄၀	၁၂	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကကြား	၃၅	၁၈	တောင်သူငယ်
၄	၅ဧကနှင့် ၁၂.၅ဧကအကြား	၂၄	၈	တောင်သူလတ်
၅	၁၂.၅ဧက အထက်	၂၃	၅	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၃၈၀	၄၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ညောင်ကုန်း(မ)ကျေးရွာတွင် မြေယာမဲ့(၂၂၀)အိမ်ထောင်စု၊ (၂.၅)ဧကအောက် ဆင်းရဲသား တောင်သူ(၄၀)အိမ်ထောင်စု၊ (၂.၅၅)ဧကနှင့် (၅)ဧကကြား ပိုင်ဆိုင်သူ တောင်သူငယ်(၃၅) အိမ်ထောင်စု၊ ၅ဧကနှင့် ၁၂.၅ဧကအကြား ပိုင်ဆိုင်သူ တောင်သူလတ်(၂၄)အိမ်တောင်စုနှင့် ၁၂.၅ဧက အထက် ပိုင်ဆိုင်သူ တောင်သူကြီး(၂၃)အိမ်ထောင်စုရှိကြောင်း တွေ့ရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၄၈၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်√ မဖြေဆိုပါ☐	ရှိ√ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ √
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ ☐
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ ☐
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ√ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ ☐
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ ☐
၆	လက်ဝင်ရေတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)
			မဖြေဆိုပါ☐		
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ ☐
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ညောင်ကုန်း(မ)ကျေးရွာတွင် စိုက်ပျိုးမြေစုစုပေါင်း(၄၈၀)ဧကရှိသည်။ စိုက်ပျိုးရေအတွက် မတ္တရာမြို့နယ်၊ ဆည်တော်ကြီးကျေးရွာ၊ ဆည်တော်ကြီးရေလှောင်တမံမှပေးပို့သည့် ဆည်မြောင်းရေကို အသုံးပြုကြပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းအတွက် လုံလောက်စွာ အသုံးပြုနိုင်သည်။ တစ်နှစ်ပတ်လုံးစိုက်ပျိုးရေရရှိသည့်အတွက် သီးနှံထွက်နှုန်းလည်း ကောင်းမွန်သည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုး သည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၄၈၀	တင်း	၈၀	၁၂၀	၁၀၀	ဧပြီလ	ဇွန်လ	မြင့်□ လတ်√ နိမ့်□	မြင့်□ လတ်√ နိမ့်□	မြင့်□ လတ်√ နိမ့်□
စပါး	၄၈၀	တင်း	၇၀	၉၀	၈၀	သြဂုတ်လ	နိုဝင်ဘာ	မြင့်□ လတ်√ နိမ့်□	မြင့်□ လတ်√ နိမ့်□	မြင့်□ လတ်√ နိမ့်□
ပဲမျိုးစုံ	၂၅၀	တင်း	၁၅	၃၀	၂၂	နိုဝင်ဘာ	ဖေဖော်ဝါရီ	မြင့်□ လတ်√ နိမ့်□	မြင့်□ လတ်√ နိမ့်□	မြင့်□ လတ်√ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ညောင်ကုန်း(မ)ကျေးရွာ၏ အဓိကစိုက်ပျိုးသော သီးနှံများမှာ စပါး စိုက်ပျိုးကြသည်။ စပါးကို ဧပြီလတွင် စိုက်ပျိုးကာ ဇွန်လတွင် ရိတ်သိမ်းကြသည်။ (၁)နှစ်တွင် (၂)သီး စိုက်ပျိုးကြပါသည်။မိုးကြိုစပါးအထွက်နှုန်းမှာ ပျမ်းမျှ(၁)ဧကလျှင် အနည်းဆုံး(၈၀)မှ အများဆုံး (၁၂၀) တင်း ထွက်သည်။ သြဂုတ်တွင်စိုက်ပျိုး၍ နိုဝင်ဘာလတွင်ရိတ်သိမ်း၍ (၁)ဧက ပျမ်းမျှထွက်နှုန်းမှာ အနည်းဆုံး(၇၀)မှ အများဆုံး (၉၀)တင်းထွက်သည်။ မြန်မာ့စိုက်ပျိုးရေးမှလိုအပ်သော မျိုးကောင်းမျိုးသန့်များကို လိုသလောက် အချိန်မီအလွယ်တကူ ဝယ်ယူရရှိနိုင်သည်။ နည်းပညာဝန် ဆောင်မှုများလည်း ရရှိနိုင်သည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဧယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	၄	–	–	–
လက်တွန်းထွန်စက်	၃၀	–	–	–
အစေ့ချ ကိရိယာ	–	–	–	–
ရိတ်သိမ်းခြေလှေ့စ	–	–	–	–

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ကဲ				
ရိတ်သိမ်းစက်		-	-	-
ခြွေလှေ့စက်	-	-	-	-
ရေစုပ်စက်		-	-	-
ခြေနင်းရေတင်စက်		-	-	-
မြက်ရိတ်စက်	၅၀	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ညောင်ကုန်း(မ)ကျေးရွာတွင် ထွန်စက်(၄)ခု၊ လက်တွန်းထွန်စက်(၃၀)ခုနှင့် မြတ်ရိတ် စက်(၅၀)ခုရှိပြီး တစ်ဦးချင်းပိုင်ဖြစ်သည်။ ကျေးရွာအနေဖြင့် စက်ကိရိယာလုံလောက်မှု ရှိပါသည်။ သင့်တင့်သလို လှည့်လည်လုပ်ကိုင်ကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ √ မဖြေဆိုပါ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ√ မဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ √ အသင့်အတင့်ရှိ☐ မဖြေဆိုပါ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် √ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် √ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☐ မဖြေဆိုပါ ☐

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် √ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်√ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည် √ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည် ☐ ရနိုင်သည် √ မဖြေဆိုပါ ☐
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် √ သီးနှံများကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ☐
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊ မိုးရေချိန်)	ထိခိုက်သည် √ မထိခိုက်ပါ ☐ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ညောင်ကုန်း(မ)ကျေးရွာတွင် သဘာဝရေမြေအနေအထား၊ လယ်ယာမြေ အသုံးချနိုင်မှုမှာ သင့်တင့်မျှတသည်။ စိုက်ပျိုးရေအရင်းမြစ်အနေဖြင့်လည်း ပေါများသည်။ ချေးငွေနှင့် ငွေကြေးဝန် ဆောင်မှုများလည်း ရနိုင်သည်။ သီးနှံမျိုးစေ့ရရှိနိုင်မှုအတွက် မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာဝယ်ယူနိုင်သည်။ သွင်းအားစုဝယ်ယူရရှိနိုင်သော်လည်း စိုက်ပျိုးရေးလုပ်သားရှားပါးသည် ကိုတွေ့ရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန် √ မဖြေဆိုပါ☐
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ √
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ √
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ √
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ √
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ √
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ √
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် √ လုံးဝမရ ☐ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် √ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐ မဖြေဆိုပါ √
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ √

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
	အနည်းငယ် ☐ မဖြေဆိုပါ ☐
ရာသီဥတုဇော်ခံနိုင်သည့်သီးနှံများနှင့် ပတ်သက်သော သတင်းအချက်အလက် လက်လှမ်းမီမှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ √
ရာသီအလိုက် ရာသီဥတုခန့်မှန်းချက်နှင့် သီးနှံစီမံခန့်ခွဲမှုဆိုင်ရာ အကြံဉာဏ်များ လက်လှမ်းမီမှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ √

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ညောင်ကုန်း(မ)ကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများမှာ သဘာဝရေမြေရာသီဥတု အနေအထားအနေဖြင့် ရာသီဥတုမမှန်ခြင်း၊ လုပ်သားရရှိနိုင်မှု အလွယ်တကူ မရနိုင်ပါ။ ဖျက်ပိုးနှင့် ရောဂါကျရောက်မှုမှာ အသင့်အတင့်ကျရောက်သည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) **မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၀	၁၀၀
နို့စားနွား	၃	၁၅၀
ကျွဲ	၁၅	၅၀
မြင်း	၁	၂
မြည်း	-	-
လား	-	-

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
ဆိတ်		
သိုး	-	-
ဝက်	၂၀	၃၅
ကြက်	၅၀	၂၀၀
ဘဲ	၇	၇၅၀၀
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	၂	၅၀၀၀၀၀
ပုဇွန်ကန်	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**
လေ့လာတွေ့ရှိချက်။ ။ ညောင်ကုန်း(မ)ကျေးရွာတွင် မွေးမြူရေးလုပ်ကိုင်သည့် အိမ်ထောင်စုအများသည် တစ်ပိုင်တစ်နိုင် အနေဖြင့်သာ အများဆုံးမွေးမြူကြသည်။ တိရစ္ဆာန်ရောဂါ ကျရောက်ပါက တိမ်းကွဲစီးဌာနသို့ အလွယ်တကူ ဆက်သွယ်နိုင်ပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ ☐ အသင့်အတင့် ☐ မဖြေဆိုပါ √
ရေရရှိမှု	အလုံအလောက်ရနိုင် ☐ အသင့်အတင့်ရနိုင်√ မဖြေဆိုပါ ☐
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် √

